# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၂၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
## (၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ၁၉-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော်ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက် သူကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၂) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၂ ရက်နှင့်

(၃) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၁၆ ဦးရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏

မူကြမ်း

ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြိုတင်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကောလင်းမြို့နယ်၊ ကျောက်ပုထိုးဒေသ ရွှေတူးဖော်ရေးလုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုများအား စနစ်တကျလေ့လာဆန်းစစ်မှုပြု၍ ပတ်ဝန်းကျင်လူနေမှုဘဝ ထိခိုက်မှုမရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်ပါမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ ။ ။ ပထမဦးစွာ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ဦးမျိုးဇော်အောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်ပုထိုးဒေသက ရွှေသတ္တုတူးဖော်ရေးနှင့်ပတ်သက်တဲ့လုပ်ငန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်ပုထိုးဒေသမှာ ရွှေတူးဖော်လာတာဟာဆိုလို့ရှိရင် နှစ်ပေါင်း ၃၀ နီးပါးရှိပါပြီ။ ပထမအားဖြင့်ဆိုလို့ရှိရင် အစိုးရကနေလုပ်ပါတယ်။ နောက်ပိုင်းမှာ ထာဝရကုမ္ပဏီကို ဆောင်ရွက် စေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဒေသခံပြည်သူတွေရဲ့ ပြောကြားချက်အရ ဒေသခံတွေမှာ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာ အမျိုးမျိုးနဲ့ရင်ဆိုင်နေရတယ်လို့ ပြောတာကို တွေ့ရှိနေရပါတယ်။ အဲဒီတော့ ပထမဦးဆုံးအနေနဲ့ကတော့ စွန့်ပစ်မြေစာတွေကနေမှ မိုးရွာတဲ့အခါမှာ ရေတွေစီးပြီးတော့ လယ်မြေထဲကို ရေတွေကျပါတယ်။ အဲဒီတော့ ရေတွေမသန့်ရှင်းတဲ့အတွက်ကြောင့်မို့လို့ ကောက်ပင် တွေသေတဲ့ဟာတွေ ဖြစ်ပါတယ်။ ပြီးတဲ့အခါကျတော့ ကျွဲနွားတွေက ဒီရေတွေကို သောက်သုံးမိတဲ့ အခါမှာ ကျွဲနွားတွေရဲ့ပါးစပ်မှာ အနာရောဂါတွေ ခံစားရပါတယ်။ မကြာခဏဆိုသလိုပဲ ငါးတွေ သေတာကိုလည်းပဲ ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီလိုတွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဒေသခံ ပြည်သူတွေက ကျွန်တော်တို့သွားတဲ့အခါမှာ ဒါနဲ့ပတ်သက်ပြီးတော့မှ စိစစ်ပေးဖို့ အကြိမ်ကြိမ်တင်ပြ တောင်းဆိုကြပါတယ်။ တင်ပြတောင်းဆိုတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ပူးပေါင်းပြီးတော့မှ ဒေသခံပြည်သူတွေကို လိုက်လံ မေးမြန်းတဲ့အခါမှာ ဒေသခံပြည်သူလူထုဟာ တညီတညွတ်တည်းထွက်ဆိုကြတာက သူတို့အနေနဲ့ ကျန်းမာရေးထိခိုက်မှုတွေကို အနည်းနဲ့အများ ခံစားနေကြရတယ်လို့ ထွက်ဆိုကြတာဖြစ်ပါတယ်။ ဒီအသက်ရှူလမ်းကြောင်းနဲ့ပတ်သက်တဲ့ ရောဂါဝေဒနာတွေလည်း မကြာခဏဆိုသလို ခံစားရတယ်။ ပြီးတဲ့အခါကျတော့ လေထုထဲမှာ ကျရောက်လာတဲ့ အမှုန်တွေ၊ အငွေ့တွေကြောင့်မို့လို့ နေအိမ်ခေါင်မိုး တွေဟာ ဆောက်လုပ်ပြီးမကြာခင်မှာပဲ အလွယ်တကူပျက်စီးတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ ပတ်ဝန်းကျင်အခြေအနေ မထိခိုက်အောင် သတ္တုတူးဖော်ရေး လုပ်ငန်းကို စနစ်တကျစိစစ်ပြီးတော့မှ ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတာကို သိလိုတဲ့အတွက် ကြောင့်မို့လို့ ဖော်ပြပါမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကောလင်းမြို့နယ်၊ ကျောက်ပုထိုးဒေသ ရွှေတူးဖော်ရေးလုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုများအား စနစ်တကျလေ့လာဆန်းစစ်မှုပြု၍ ပတ်ဝန်းကျင်လူနေမှုဘဝ ထိခိုက်မှုမရှိအောင် နိုင်ငံတော်အစိုးရ

အနေဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်ပါမည်ကို သိလိုသည့်အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်ရဲ့ ကောလင်းမြို့နယ်၊ ကျောက်ပုထိုးဒေသ ရွှေတူးဖော်ရေးလုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေး ထိခိုက်မှုများအား စနစ်တကျလေ့လာဆန်းစစ်မှုပြု၍ ပတ်ဝန်းကျင်လူနေမှုဘဝ ထိခိုက်မှုမရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်ပါမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်မှာရှိတဲ့ ကျောက်ပုထိုးရွှေသတ္တုသိုက်ကို ၁၉၈၁ ခုနှစ် ဇူလိုင်လမှာ ဘန့်ဘွေးကုန်းကျေးရွာသူ ဒေါ်ဗျိုင်းဆိုသူက ကျောက်ပုထိုးတောင်ခြေမှာ မျောလောင်းရွှေကျင်ရာကနေ စတင်တွေ့ရှိခဲ့ပါတယ်။ အဲဒီနောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက အဲဒီသတ္တုသိုက်ပမာဏ ကွင်းဆင်း တွက်ချက်မှုကို ၁၉၈၂ ခုနှစ်ကစပြီး ခုနှစ်နှစ်ခန့် ဆောင်ရွက်ခဲ့ပါတယ်။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းကလည်း ၁၉၈၂ ခုနှစ်ကနေပြီးတော့ ၁၉၈၇ ခုနှစ်အထိ တစ်နေ့ကို တန် ၅၀ ကျရှေ့ပြေးစက်ရုံ 50 ton/day, Pilot Plant ဖြင့် ပြဒါးကိုအသုံးပြုပြီးတော့ ရွှေထုတ်လုပ်တဲ့နည်းစဉ်ဖြင့် စမ်းသပ်ထုတ်လုပ်ခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်မှာ ယူဂိုဆလားဗီးယားနိုင်ငံ Invest Import Company ကို ကန်ထရိုက်ပေးပြီးတော့ အပူနဲ့ကျိုချက်ရသည့် Pyro Metallurgy နည်းစဉ်ကို အသုံးပြုတဲ့ ရွှေသန့်စင်စက်ရုံကို တည်ဆောက်ပါတယ်။ ၁၉၉၁ ခုနှစ်မှာ စမ်းသပ်လည်ပတ် လုပ်ကိုင်ပြီးတော့ ရွှေပြန်ရတဲ့နှုန်း Recovery နည်းပြီး အကျိုးအမြတ်ဖြစ်ထွန်းမှုမရှိတဲ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ (၁/၉၃)ကြိမ်မြောက်

အစည်းအဝေးကနေပြီးတော့ သဘောတူဆုံးဖြတ်ချက်အရ ဆိုင်ယာနိုက်ဓာတ်ဆေးအသုံးပြုတဲ့ Carbon-In-Pulp(CIP)နည်းစဉ်ဖြစ်တဲ့ Hydrometallurgy Process(Cyanidation Process) နည်းစဉ်နဲ့ ၁၉၉၃ ခုနှစ် မတ်လကစပြီးတော့ ယနေ့အထိ ရွှေထုတ်လုပ်သန့်စင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါတယ်ခင်ဗျား။ ကျောက်ပုထိုးရွှေသတ္တုတွင်း ရွှေသန့်စင်စက်ရုံကို ၁၉၈၇ ခုနှစ်မှာ ယူဂိုဆလားဗီးယားနိုင်ငံမှ အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ နှင့် မြန်မာငွေကျပ်သန်း ၂၉၀ ရင်းနှီးပြီးတော့ တည်ဆောက်ခဲ့ပါတယ်။ စက်ရုံဒီဇိုင်းကိုတော့ CIP နည်းစဉ်နဲ့ ရွှေသန့်စင်ထုတ်လုပ်ရန် တည်ဆောက်ခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျောက်ပုထိုးသတ္တုတွင်းရဲ့ သတ္တုရိုင်းအမျိုးအစားဟာ ရွှေထုတ်လုပ်မှု အလွန်ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ သူ့ကို ဆိုဒီယမ်ဆိုင်ယာနိုက် ပါဝင်အသုံးပြုတဲ့နည်းနဲ့ ရွှေသန့်စင်နည်းနဲ့ အသုံးပြုမှသာလျှင် ကုန်ကျမှုစရိတ်သက်သာခြင်း၊ ရွှေပြန်ရတဲ့နှုန်းစတဲ့ အကျိုးရလဒ်တွေရရှိမှာမို့လို့ အဲဒီနည်းကိုသုံးစွဲကြောင်း သိရပါတယ်။

ကျောက်ပုထိုး ရွှေသတ္တုစီမံကိန်းကို နိုင်ငံတော်အနေနဲ့ ၁၉၈၂ ခုနှစ်ကနေပြီးတော့ ၁၉၈၇ ခုနှစ်အထိ တစ်နေ့ တန် ၅၀ ကျ ရွေ့ပြေးစက်ရုံအသုံးပြုတဲ့နည်းနဲ့ စမ်းသပ်ထုတ်လုပ်ခြင်း၊ ၁၉၈၇ ခုနှစ်ကနေပြီးတော့ ၁၉၉၃ ခုနှစ် Pyro Metallurgy နည်းဖြင့်လည်းကောင်း၊ ၁၉၉၃ ခုနှစ်ကနေပြီးတော့ ၂၀၀၇ ခုနှစ် ဇူလိုင်လအထိ CIP နည်းဖြင့်လည်းကောင်း ထုတ်လုပ်ရာ နှစ်ပေါင်း ၂၅ နှစ်ခန့် ကြာခဲ့ပါတယ်။ အဲဒီနောက် ကျောက်ပုထိုး ရွှေသတ္တုတွင်းကို ကျန်ရှိတဲ့ သတ္တုသိုက်ကို ဆက်လက်တူးဖော်ဖို့အတွက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်နဲ့ ထာဝရသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်ကို ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ကနေစပြီးတော့ လွှဲပြောင်းလုပ်ကိုင်စေခဲ့ပါတယ်။ အဲဒီလို လုပ်ကိုင်စေတဲ့အခါမှာလည်းပဲ မူလနည်းဖြစ်တဲ့ ဆိုဒီယမ်ဆိုင်ယာနိုက်ဓာတ်ဆေးအသုံးပြုတဲ့ ရွှေသန့်စင်တဲ့ CIP နည်းနဲ့ပဲ ယနေ့အထိ ဆက်လက်ဆောင်ရွက်နေကြောင်းကို ကျွန်တော် ပဏာမတင်ပြလိုပါတယ်ခင်ဗျား။ အဲဒီ ထာဝရသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်ကနေပြီးတော့ ရွှေထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ထားမှုအနေဖြင့် တင်ပြရမယ်ဆိုလို့ရှိရင်တော့ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်တဲ့အချက်တွေအား လေ့လာစိစစ်ဖော်ထုတ်ခြင်း(Environmental Impact Assessment)၊ ပတ်ဝန်းကျင်ထိခိုက်မှုကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ပတ်ဝန်းကျင်ပြည်သူလူထုရဲ့ လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းစေရေးအတွက် အကျိုးသက်ရောက်မှုအား လေ့လာ

ဆန်းစစ်ခြင်း(Social Impact Assessment)၊ ပတ်ဝန်းကျင်ပြည်သူလူထုရဲ့ ကျန်းမာရေးထိခိုက်ယိုယွင်းမှုလျော့နည်းစေရေးအတွက် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း (Health Impact Assessment)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း (Environmental Management Plan)စသည်တို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအဖွဲ့အစည်းမှာဖြင့် ယခင်သတ္တုဦးစီးဌာနကနေပြီးတော့ ဝန်ထမ်းဟောင်းများလည်း ပါဝင်ပြီးတော့ အဲဒီမှာဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ အခုနက ဖုန်မှုန့်နှင့်ပတ်သက်ပြီးတော့ Dust Emission Monitoring System အရ ဖုန်မှုန့်ပျံ့လွင့်မှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအနေနှင့် သတ္တုတွင်းဧရိယာအတွင်းမှာ နေရာ ၁၃ နေရာနှင့် ဝန်ထမ်းအိမ်ရာများကို တိုင်းတာစစ်ဆေးလျက်ရှိပါတယ်။ Dust Control System အရ ဖုန်မှုန့်ပျံ့လွင့်မှု လျှော့ချရေးအတွက် စီမံဆောင်ရွက်မှုအနေနှင့် သတ္တုရိုင်းများ၊ စွန့်ပစ်မြေစာများ၊ အပေါ်ယံမြေဆွေးများ သယ်ယူပို့ဆောင်ခြင်း၊ စုပုံခြင်းတို့ကြောင့် ဖုန်မှုန့်ပျံ့လွင့်မှုကို တိုင်းတာစစ်ဆေးခြင်းနှင့် သယ်ယူပို့ဆောင်တဲ့လမ်းတစ်လျှောက် ရေဖြန်းကားများနဲ့ ဖုန်မှုန့်ပျံ့လွင့်မှု လျှော့ချရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ Solid Waste Management System အရ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာမှာ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းသက်သာစေရန်အတွက် ဓာတ်ခွဲခန်းသုံးစွန့်ပစ်ပစ္စည်းများကို အုတ်ကန်များတည်ဆောက်ပြီး စနစ်တကျစွန့်ပစ်ခြင်း၊ ကြိတ်ခွဲစက်ရုံများကနေပြီးတော့ ဖိတ်စင်တဲ့ ဖြုန်းအစအနများ၊ အမြှုပ်ဖော်သန့်စင်စက်ရုံနှင့် စက်ရုံများမှထွက်တဲ့ ဇီဝအစိုင်အခဲများနှင့် အနည်အနှစ်များ(Biosolids and Sludge Disposal)များကိုတော့ အနည်ထိုင်ကန်များ၊ မြောင်းများမှတစ်ဆင့် စွန့်ပစ်မြေစာကန်ကို စနစ်တကျစုဆောင်းထားရှိပြီး ဆောင်ရွက်ပါတယ်။

ကျွန်တော် ဆက်လက်တင်ပြရမယ့် အကြောင်းအရာတွေထဲမှာတော့ သတ္တုပိုင်းဆိုင်ရာ Technical Term တွေ အသင့်အတင့် ပါဝင်မှာ ဖြစ်ပါတယ်ခင်ဗျား။ Waste Water Management System အရ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စွန့်ပစ်ရေများကို စွန့်ပစ်ကန်များဖြင့် စနစ်တကျ သိုလှောင်ပြီး ဘေးပတ်ဝန်းကျင်ကို စွန့်ပစ်ခြင်းမပြုဘဲ Pump Station မှတစ်ဆင့် အမြှုပ်ဖော်သန့်စင် စက်ရုံများကို ပြန်လည်ပေးပို့သုံးစွဲလျက်ရှိပါတယ်။ CIP-1 စက်ရုံက စွန့်ပစ်တဲ့မြေစာ (Concentrate and Calcine Leach Residue)များကိုတော့ Tailing Pond များမှာစနစ်တကျသိုလှောင်ပြီးတော့ ထုံးဓာတ်မြင့်မားပြီးတော့ ဆိုင်ယာနိုက်ပါဝင်တဲ့ စွန့်ပစ်ရေကိုတော့ ပတ်ဝန်းကျင်ကို စွန့်ပစ်ခြင်းမရှိဘဲ အောက်ဆိုဒ်သတ္တုရိုင်းများ(Low Grade Oxidized Ore)များ၊

Heap Leaching များပြုလုပ်ရာမှာ ပြန်လည်အသုံးပြုခြင်းဖြင့် Mine Hazard အန္တရာယ်မရှိအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိပါတယ်။ CIP-II စက်ရုံမှ ဓာတ်ဆေးပါတဲ့စွန့်ပစ်ရေများကို အမြှုပ်ဖော်သန့်စင်စက်ရုံမှ ပြန်လည် အသုံးပြုခြင်း၊ ၄င်းစွန့်ပစ်ရေများမှ Iron များကို စုပ်ယူပြီးတော့ ရေသန့်စင်စေရန်အတွက် ရေကြိုက်တဲ့ Westland အပင်များကို စိုက်ပျိုးခြင်းဖြင့် Passive Treatment လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရပါတယ်။

Acid Rock Drinage Management System အရ အက်ဆစ်ယိုစီးတဲ့ကျောက်များကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ဆောင်ရွက်တဲ့အနေဖြင့် ကျောက်ပုထိုးသတ္တုတွင်းရဲ့ သတ္တုရိုင်းများမှာ Pyrite, Arsenopyrite, Arsenial Pyrite တို့ပါဝင်တဲ့ ဆာလ်ဖိုဒ်သတ္တုတွေကိုတော့ ကျွန်တော်တို့တူးဖော်နေတဲ့သတ္တုတွင်းကနေပြီးတော့ စိမ့်ရေတွေ၊ Stock Pile မြေစာပုံတွေ၊ ဖိတ်စင်တဲ့ သတ္တုရိုင်းတွေနှင့် သတ္တုသန့်စင်များမှ အက်ဆစ်ယိုစီးမှုဖြစ်ပြီးတော့ မြေပေါ်/မြေအောက်ညစ်ညမ်းမှု မရှိစေရေးအတွက် Surface Water Monitoring Point များကို သတ်မှတ်ပြီးတော့ စောင့်ကြည့်ခြင်း၊ Open Pit မှ စိမ့်ထွက်သော Acid Rock Drainage များကို ထုံးနှင့် ထုံးနှစ်များ အသုံးပြုပြီးတော့ Active Treatment များဖြင့်လည်းကောင်း စီမံဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ Environmental Impact Monitoring System အရ ပတ်ဝန်းကျင်ထိခိုက်မှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုအနေနှင့် Surface and Underground Water အပေါ်မှာရှိတဲ့ရေနှင့် မြေအောက်မှာရှိတဲ့ရေတို့ရဲ့ နမူနာကောက်ယူခြင်းနှင့် ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်ကာ PH Level စစ်ဆေးခြင်း၊ လုပ်ငန်းသုံးရေနှင့် စက်ရုံမှ စွန့်ပစ်ရေများကို နမူနာကောက်ယူပြီး ဓာတ်ခွဲခန်းစမ်းသပ်မှုများပြုကာ PH Level ကို ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ ကိုစောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြချင်တာကတော့ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ ကျွန်တော်တို့ဆီကို ဒီကုမ္ပဏီကနေပြီးတော့ ပေးပို့တဲ့ Report ထဲမှာဖြင့် မြေအောက်ရေကို Para meter ၁၀ ခုနဲ့ စမ်းသပ်ပြီးတော့ မြေပေါ်ရေကိုတော့ Para meter ၁၃ ခုနဲ့ စမ်းသပ်တဲ့အကြောင်းကိုတော့ ကျွန်တော်သိရှိရပါတယ်ခင်ဗျား။ Surface Water Monitoring System အရ မြေပေါ်ရေများကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုအနေနှင့် သတ္တုတွင်းဧရိယာအတွင်းသို့ စီးဝင်တဲ့ ရေစီးချောင်းကနေပြီးတော့ ကျောက်အိုးချောင်းအတွင်းသို့ မစီးဝင်မီ SW-1 မှ SW-8 အထိ ရေနမူနာများ ကောက်ယူတဲ့နေရာများ သတ်မှတ်ပြီးတော့ ရေအရည်အသွေး စစ်ဆေးခြင်းကို International Finance Corporation, World Bank Group Effluent Guideline

Value(2007)နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ Ground Water Monitoring System အရ မြေအောက်ရေများကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က အဝီစိတွင်း TW-1 မှ TW-13 အထိ ရေနမူနာ များကောက်ယူပြီး WHO's ရဲ့ Drinking Water Standard(1993)နှင့်အညီ လစဉ်စစ်ဆေးလျက်ရှိကြောင်းလည်းပဲ သိရပါတယ်ခင်ဗျား။

လေထုအရည်အသွေးကိုလည်းပဲ HAZ SCANNER စက်ကို အသုံးပြုပြီးတော့ စစ်ဆေးလျက်ရှိကြောင်းလည်းပဲ သိရှိရပါတယ်။ Mine Site အသီးသီးက ထွက်လာတဲ့စွန့်ပစ်ရေများကို ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးအတွက်လည်းကောင်း၊ ဓာတ်ဆေးသုံးစွဲမှုသက်သာစေရေး အတွက်လည်းကောင်း၊ သတ္တုပြန်ရနှုန်းကောင်းမွန် စေရေးအတွက်လည်းကောင်း၊ လုံးဝစွန့်ပစ်ခြင်းမရှိဘဲ Recycle Process များနှင့် ပြန်လည်အသုံးပြုနေကြောင်းကိုလည်း သိရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ကျောက်ပုထိုးသတ္တုတွင်းရဲ့ သတ္တုရိုင်းမြေစာထုတ်လုပ်ခြင်း၊ ရွှေသန့်စင်ထုတ်လုပ်ခြင်းတို့မှ ထွက်ရှိလာတဲ့ စွန့်ပစ်ရေ/အနည်အနှစ်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် Mine Hazard Management အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ ကုမ္ပဏီကသော်လည်းကောင်း၊ ဌာနကသော်လည်းကောင်း စစ်ဆေးရေးအဖွဲ့များ စောင့်ကြပ်လျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲရေးလုပ်ငန်းများ(Environmental Management Plan)များ ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်တဲ့အချက်အလက်များအား လေ့လာစိစစ်ဖော်ထုတ်ခြင်း (Environmental Impact Assessment)များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်ပြီးတော့ အကြံဉာဏ်ပေးခြင်း၊ အကြံပြုခြင်းတို့ကိုလည်းပဲ စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို နောက်ဆက်တွဲမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလိုဖြေကြားပေးသွားတဲ့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကို အရမ်းကျေးဇူးတင်ပါတယ်။ အခုလိုကျွန်တော်တို့ စနစ်တကျနဲ့ ဆောင်ရွက် နေတယ်ဆိုတာကို သိရတဲ့အတွက် ရှင်းပြပေးသွားတဲ့ အတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့မှ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်နေတဲ့ အစိတ်အပိုင်းတွေကို ရှင်းပြသွားတဲ့အတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီမေးခွန်း ဖြစ်ပေါ်လာတာက ကျွန်တော်တို့အနေနဲ့လည်းပဲ ဒါဒေသကို သွားပြီးတော့မှ ကိုယ်တိုင်ကိုယ်ကျလည်း သွားရောက်ပြီး

တော့မှ လေ့လာခဲ့ပါတယ်။ ပတ်ဝန်းကျင်ကလူထုတွေနဲ့လည်း သွားရောက်ပြီး လေ့လာခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် အဲဒီနေရာကို ရောက်တဲ့အချိန်မှာလည်းပဲ ယမ်းနံ့၊ ဖုန်နံ့တွေမွှန်ထူနေတာကို တွေ့ရပါတယ်။ ကျွန်တော် တို့ရွေးကောက်ပွဲကာလတုန်းကလည်း ဒါမိုးတွင်းဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီထာဝရကုမ္ပဏီက စွန့်ပစ်ထားတဲ့ မြေစာတွေကနေမှ စီးကျလာတဲ့ရေတွေကို ကျွန်တော်တို့ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရပါတယ်။ ဆိုတဲ့အခါကျတော့ အဲဒီရေတွေကနေမှ ကောက်ပင်တွေ ညှိုးနွမ်းပြီးတော့ ဝါပြီးတော့မှ သေနေတာတွေကို တွေ့ခဲ့ရပါတယ်။ ဆိုတဲ့အခါကျတော့ လက်ရှိရှိနေတဲ့ ထာဝရကုမ္ပဏီက တာဝန်ရှိသူတွေနဲ့ မေးမြန်းတဲ့အခါမှာလည်းပဲ ဒီလိုမျိုးသူတို့တွေ စနစ်တကျ ဆောင်ရွက်နေတယ်ဆိုတာကို အခုလိုပဲ ကျွန်တော်တို့ ဖြေကြားခဲ့ကြပါတယ်။ သို့သော်လည်းပဲ ပတ်ဝန်းကျင်အနေအထားက စိတ်ချ လုံခြုံမှုမရှိတဲ့ အတွက်ကြောင့်မို့လို့ ပြည်သူလူထုတွေကလည်းပဲ စိုးရိမ်နေတဲ့အတွက်ကြောင့်မို့လို့ မေးမြန်းခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ နောက်ဆက်တွဲ မေးမြန်းလိုတာကတော့ ဘယ်အချိန်လောက်ဆိုလို့ရှိရင် အန္တရာယ်ကင်းကင်းနဲ့ ဘေးပတ်ဝန်းကျင် ကျေးရွာသူရွာသားတွေက နေနိုင်ပါမလဲဆိုတာကို ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဘယ်လို အထင်အမြင်ပေးနိုင်ပါမလဲဆိုတာ ကျွန်တော်တစ်ချက် သိချင်ပါတယ်။ နောက်တစ်ချက်ကကျတော့ ဘာလဲဆိုတော့ ဒီကုမ္ပဏီက ၂၀၁၇ ခုနှစ်မှာ သက်တမ်းကုန်မှာ ဖြစ်ပေမယ့် အခုလက်ရှိမှာ ကျွန်တော်တို့ သက်တမ်းက ကြိုတင်ပြီးတော့မှ သက်တမ်းတိုးပြီးသား ဖြစ်ပါတယ်။ ဖြစ်တဲ့အခါကျတော့ ပိုပြီးတော့မှ ပြည်သူလူထုတွေက စိုးရိမ်နေကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တကယ်ဆောင်ရွက်နေတယ် ဆိုပေမယ့်လည်း ကုမ္ပဏီကိုချပေးတုန်းက။

**ဥက္ကဋ္ဌ။** ။ ဦးမျိုးဇော်အောင် ဆက်စပ်တဲ့မေးခွန်းပဲမေးပါ။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)။** ။ ဟုတ်ကဲ့ခင်ဗျား။ ကုမ္ပဏီက ဆောင်ရွက်နေတယ် ဆိုသော်လည်းပဲ ရံဖန်ရံခါ စစ်ဆေးမှုကခုန ပြောသလိုတစ်လတစ်ကြိမ် ဆောင်ရွက်ခဲ့တယ်လို့ ကျွန်တော်တို့ သိရသော်လည်းပဲ ရံဖန်ရံခါဆိုသလို အကျိုးအပြစ်တွေ တွေ့နေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကိုဘယ်လိုလျှော့ချနိုင်မလဲဆိုတာ ကျွန်တော်သိချင်ပါတယ်ခင်ဗျား။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်ထပ်မံဖြေကြားပါမယ်ခင်ဗျား။ လွှတ်တော်

ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အထဲမှာပါတဲ့အတိုင်းပဲ ကျွန်တော်တို့ မေးမြန်းထားတဲ့ အထဲမှာပါတဲ့ အတိုင်းပါပဲခင်ဗျား။ ဒီဟာတွေကတော့ ပြောမယ်ဆိုရင် ဓာတုဗေဒ Chemical နဲ့ဖြစ်လာတဲ့ သူ့ရဲ့နောက်ဆက်တွဲတွေကတော့ Accumulation လို့ခေါ်တဲ့ စုပြီးတော့ဖြစ်လာတဲ့အတွက်ကြောင့် မို့လို့ ဒါတွေကို ခုနဘယ်အခါမှာ ပပျောက်မလဲဆိုတာတော့ ကျွန်တော့်အနေနဲ့ အတိအကျပြောဖို့က ခဲယဉ်းပါတယ်။ သို့သော်လည်းပဲ ကျွန်တော်ဒီနေ့ပဲ ဒီနေ့မဟုတ်ပါဘူးခင်ဗျ။ မနေ့ကပဲ အဲဒီမှာ သက်ဆိုင်ရာညွှန်ကြားရေးမှူးနဲ့ ကျွန်တော်တွေ့ပြီးတော့ သူတို့အခုမေလပေါ့။ မေလအကုန်မှာ နောက်ဆုံးတွေ့ရှိချက်များနဲ့ နောက်ဆုံးခုနကဖြစ်ပေါ်နေတဲ့ဟာကို အစီရင်ခံဖို့အတွက် ကျွန်တော် ညွှန်ကြားထားပါတယ်။ ညွှန်ကြားပြီးတော့ တွေ့ရှိလို့ရှိရင် ကျွန်တော်ခုနက လွှတ်တော်ကိုယ်စားလှယ် တော်ကြီးကို ကျွန်တော်ကိုယ်တိုင်ဖြစ်စေ၊ စာနှင့်ဖြစ်စေ ဒါမှမဟုတ်ရင်လည်း လွှတ်တော်မှာမေးမြန်း လို့ရှိရင်တော့ ထပ်ပြီးတော့ ကျွန်တော် နောက်ဆုံးအခြေအနေလေးကို ဖြေကြားပေးပါမယ်ခင်ဗျာ။ နောက်တစ်ခုကဒီခုနကပြောတဲ့ ဒီကုမ္ပဏီကို သက်တမ်းတိုးတာတော့ အမှန်တိုင်းပြောရင် ကျွန်တော်တို့ လက်ထက်မှာ မဟုတ်ပါဘူးခင်ဗျား။ အရင်လူကိုလည်း ကျွန်တော် လွှဲချတာမဟုတ်ပါဘူး။ အရင်က တိုးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က အရင်အတိုင်း ဆက်သွားနေရပါတယ်။ သို့သော်လည်း ပဲခုနကတင်ပြတဲ့အတိုင်း သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွားနဲ့ ပြည်သူလူထုတွေရဲ့ ကျန်းမာရေး ရော၊ လူမှုရေးရောထိခိုက်မယ်ဆိုရင်တော့ သူ့ကိုပိတ်ပြစ်ဖို့ကတော့ ကျွန်တော်တို့မှာတာဝန်ရှိပါတယ်။ ကျွန်တော်အဲဒီအတိုင်းပဲ ဆောင်ရွက်ပါမယ်ခင်ဗျား။

**မောက်မယ်မြို့နယ်တွင် (GSM) ဖုန်းလိုင်းများဆက်သွယ်အသုံးပြုခွင့် ရရှိရေးအတွက် မည်သည့် အခက်အခဲများကြောင့် ကြန့်ကြာနေရပါသနည်း၊ မည်သည့်အချိန်ကာလတွင် အသုံးပြုခွင့် ရရှိနိုင်မည် တို့ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကျန်းမာ ရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်အတွက် GSM ဆက်သွယ်ရေး ဖုန်းလိုင်း သုံးစွဲခွင့်ရရှိရေးအတွက်

ဤမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်မှာ ၂၀၁၃ ခုနှစ်မှ စတင်ပြီးတော့မှ CDMA - 450 လက်ကိုင်ဖုန်းတွေကို ကောင်းမွန်စွာ သုံးစွဲခွင့်ရရှိခဲ့ပါတယ်။ ယခင်က CDMA - 800 ဖုန်းလိုင်းများကို ဖွင့်လှစ်ပေးခဲ့တာ ခေတ္တသာဖြစ်ပါတယ်။ ယနေ့တိုင် ပိတ်သိမ်းသွားခဲ့ပြီဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာ GSM တာဝါတိုင်များကို မြို့ပေါ်ဧရိယာမှာနှစ်ခု၊ ကျွန်တော်တို့ ဟိုနမ့်ကျေးရွာအုပ်စုမှာ တစ်ခု စိုက်ထူခဲ့ပြီးသော်လည်း ယနေ့ထိတိုင် ဆက်သွယ်ပြောဆိုနိုင်ခြင်း မရှိသေးပါဘူး။ လင်းခေးခရိုင်မှာ ကျွန်တော်တို့ မောက်မယ်မြို့နယ်နှင့် မိုင်းပန်မြို့နယ် GSM ဖုန်းလိုင်းများချိတ်ဆက်ရန် ကျန်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျာ။ မေးခွန်း(၁) မောက်မယ်မြို့နယ် GSM ဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုခွင့်ရရှိရေးအတွက် မည်သည့်အခက်အခဲများကြောင့် ကြန့်ကြာနေရပါသနည်း၊ မည်သည့်အချိန်ကာလတွင် မဲဆန္ဒရှင် လုပ်သားပြည်သူများ အသုံးပြုခွင့်ရရှိနိုင်မည်နည်း။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်ခင်ဗျာ။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မောက်မယ်မြို့နယ်မှာ GSM ဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုခွင့် ရရှိရေးအတွက် မည်သည့် အခက်အခဲများကြောင့် ကြန့်ကြာနေရပါသနည်း၊ မည်သည့်အချိန်ကာလတွင် အသုံးပြုခွင့် ရရှိနိုင်မည်တို့ကို မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြည့်ပြည့်စုံစုံဖြေကြားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။

ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မြို့နယ်မှာ GSM စခန်းသုံးခုကို အောက်ပါအတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ ဟိုနမ့်ရွာအနီးရှိဆိုဒ်အမှတ်(SHS 00074)မှာ

GSM စနစ်ရရှိစေရန်အတွက် တယ်လီနောရဲ့တာဝါကို ငှားရမ်းတပ်ဆင်သုံးစွဲသွားမှာဖြစ်ပြီးတော့ ဆက်ကြောင်း ချိတ်ဆက်ခြင်းနှင့် စက်ပစ္စည်းများတပ်ဆင်ခြင်းကိုယခုနှစ် ၂၀၁၆ ခုနှစ် ဇူလိုင်လကုန်မှာ ပြီးစီးမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲမောက်မယ်မြို့နယ်၊ မိုက်နုစင်ရွာမှာရှိတဲ့ ဆိုဒ်အမှတ်(SHS 00279)မှာ GSM စနစ် ရရှိစေရန်အတွက် တာဝါအသစ်ကို ကိုယ်တိုင်တည်ဆောက်ပြီးတော့ ဆက်ကြောင်း ချိန်ဆက်ခြင်းနှင့် စက်ပစ္စည်းတပ်ဆင်ခြင်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာပြီးစီးမှာ ဖြစ်ပါတယ်။ မောက်မယ်မြို့မှာ လက်ရှိ CDMA 450 စခန်းတာဝါတိုင်ရှိပါတယ်။ အဲဒီမှာဆိုဒ်အမှတ်(SHS 00445) ဖြစ်ပါတယ်။ CDMA - 450 က တကယ်တမ်းကျတော့ အင်တာနက်မရဘူး။ ဒါ့ကြောင့် အားလုံးက GSM ပဲလိုလားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ GSM ရရှိစေရန်အတွက် စက်ပစ္စည်းအသစ် တပ်ဆင်ရမှာဖြစ်ပါတယ်။ အဲ့ဒါလည်းပဲ ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်မှာပြီးစီးမှာဖြစ်ပါတယ်။ အဲဒီလိုစခန်းတွေ ဝေးလံတဲ့ ဒေသတွေမှာ Micro/Fiber Transmission ရရှိဖို့ရန်အတွက် မလွယ်ကူပါဘူး။ မလွယ်ကူတော့ လက်ရှိအခြေအနေမှာ Thaicom ဂြိုလ်တုကို ငှားရမ်းပြီးတော့ သုံးစွဲနေရပါတယ်။ အဲဒီငှားရမ်းတဲ့အခါမှာလည်း Bandwidth ကျယ်ကျယ်မရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ လိုအပ်တဲ့ Bandwidth ကိုရဖို့ရန်အတွက် အကန့်အသတ်ရှိတဲ့အတွက်ကြောင့် ကိုယ်ပိုင် ဂြိုလ်တုငှားရမ်းဖို့ စီစဉ်နေပါတယ်။ အဲဒါလည်း မကြာခင်မှာ စာချုပ်ချုပ်ဆိုပြီးတော့ မြန်မာပိုင် ဂြိုလ်တုစနစ်ကို အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကြန့်ကြာနေရပါတယ်လို့ ကျွန်တော်ရှင်းပြလိုပါတယ်။ တစ်ခါ ကျွန်တော်တို့ကဲ့သို့ပဲ Telenor Myanmar Ltd ကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မြို့နယ်မှာ GSM စခန်းနှစ်ခုကို တည်ဆောက်လျက်ရှိပါတယ်။ တစ်ခုကတော့ မောက်မယ်မြို့၊ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဆိုင်အမှတ်(SH 0249) GSM စခန်းမှာ ၇-၁၁-၂၀၁၅ ကနေပြီးတော့ တာဝါတည်ဆောက်ပြီးတော့ Transmission ဆက်ကြောင်းချိတ်ဆက်ရန် ဆောင်ရွက်ကြောင်းကို ဇွန်လကုန်မှာ ရှေ့လအကုန်မှာပြီးမှာဖြစ်ပါတယ်။ တစ်ခါ မောက်မယ်မြို့နယ်၊ ဟိုနန့်ရွာ အနီးမှာရှိတဲ့ ဆိုင်အမှတ်(SH 0099) မှာတော့ GSM စခန်းကို ၉-၁၁-၂၀၁၅ ကနေပြီးတော့ တာဝါ တည်ဆောက်ပြီးဖြစ်ပါတယ်။ Transmission ဆက်ကြောင်းအတွက် ဆောင်ရွက်တာက ၂၀၁၆ ခုနှစ် ဇွန်လကုန်မှပဲ ပြီးစီးမှာဖြစ်ပါတယ်။ အဲဒါကြောင့် အားလုံးကိုအခြေပြဇယားနဲ့ ကြည့်မယ်ဆိုရင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က ဆောင်ရွက်နေတဲ့ သုံးခုရှိပါတယ်။ မောက်မယ်ဟိုနန့်ရွာမှာ ဇူလိုင်လကုန်မှာ စခန်းပြီးမှာပါ။ မိုင်းနုစင်ရွာက အောက်တိုဘာလကုန်မှာ ပြီးမှာပါ။ မောက်မယ်မြို့ပေါ်မှာ CDMA - 450 ကို တိုးချဲ့စက်ပစ္စည်းအသစ်တပ်ဆင်တာက အောက်တိုဘာလကုန်မှာ ပြီးမှာဖြစ်ကြောင်း

တင်ပြလိုပါတယ်။ နောက် Telenor ကလည်းပဲ နှစ်ခုစလုံးတာဝါတည်ဆောက်ပြီး ဖြစ်ပြီးတော့ အားလုံးကတော့ ဇွန်လကုန်မှာဖြစ်ပါတယ်။ အဲဒီမှာ အားလုံးပုံမှာကြည့်ခဲ့ရင် စခန်းငါးခုမှာ လေးခုကတော့ တာဝါတိုင်အနေနဲ့ တည်ဆောက်ပြီးဖြစ်ပါတယ်။ ခုနကစက်တွေကတော့ ပြောတဲ့ အတိုင်းပဲ ဇွန်လတစ်ခု၊ ဇူလိုင်လနဲ့ အောက်တိုဘာလတွေမှာရှိပါတယ်။ နောက် အပြာရောင်စခန်းက တော့ မိုင်းနုဆည်မှာကတော့ တည်ဆောက်ဆဲဖြစ်ပြီးတော့ အောက်တိုဘာလမှာမှ အားလုံးသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းကြ၊ ဖြေကြားကြတဲ့အခါမှာ မေးခွန်းဖြေကြားတာကို တိုတိုနဲ့လိုရင်း ထိထိမိမိ သတ်မှတ်ချိန်အတွင်း ဖြေကြားကြဖို့၊ မေးမြန်းကြဖို့ ကြိုးစားဆောင်ရွက်ပေးရန် ပန်ကြားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ ပြန်လည် ထွက်ခွာနိုင်ပါတယ်။

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်း တင်သွင်းဖို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်စိုး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဖားကန့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး ဖြစ်ပါတယ်။ ဒီနေ့မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ ၁၁-၅-၂၀၁၆ ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းလိုက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်း ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ကျစ်လျစ်စွာဖြင့် ဖွဲ့စည်းပြီး လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းခြင်းအားဖြင့် နိုင်ငံတော်ဘတ်ဂျက်အသုံးစရိတ်များကို ချွေတာ ရမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မူလအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင်ပါရှိသော နိုင်ငံတော်သမ္မတ၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံတဲ့အဖွဲ့ဝင် ငါးဦးစီကို ဆိုသည့်စကားရပ်ကို ငါးဦးစီထက်မပိုသောအဖွဲ့ဝင်များကို ဆိုတဲ့ စကားရပ်ဖြင့် အစားထိုးပြင်ဆင်ဆောင်ရွက်ခြင်းအားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် မိမိတာဝန်များကို ကျစ်လျစ်သိပ်သည်းစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ် သလို နိုင်ငံတော်လိုအပ်ချက်အရ ၁၅ ဦးထက်မပိုသော၊ ၁၅ ဦးအောက်လိုအပ်သော အရေအတွက် ဖြင့်သာ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြင့် နိုင်ငံတော်၏ဘတ်ဂျက်အသုံးစရိတ်များကို ခြိုးခြံချွေတာရာ ရောက်မည်ဖြစ်သောကြောင့် ဤဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်သို့ အစီရင်ခံတင်သွင်း အပ်ပါတယ်ခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်သူ့လွှတ်တော်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ)အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးညာဏ်လင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ၊ ကျောင်းသားကျောင်းသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးညာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ထောက်ခံအတည်ပြုပေးနိုင်ရန်အလို့ငှာ ဖတ်ကြားအစီရင်ခံ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆- ၁၀၉

ရက်စွဲ ၊ ၂ ၀ ၁ ၆ ခု နှစ်၊ မေ လ ၁၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၆-၅-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀(၁၃၇)/ပထစ -၂၀၁၆

၁။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ကျစ်လျစ်စွာဖွဲ့စည်းပြီး ဆောင်ရွက်ပါက ကော်မရှင်၏ တာဝန်များကို ကျစ်လျစ်သိပ်သည်းစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းနှင့် လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းခြင်းတို့ဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်အသုံးစရိတ်များကို ချွေတာစေရန်ရည်ရွယ်၍ ပြင်ဆင်ရန် တင်သွင်းခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၅-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဤပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၃) ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို ယခင်ပြင်ဆင်သည့် ဥပဒေတစ်ခုပြဋ္ဌာန်းထားပြီး ဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ပြင်ဆင်ပါသည်။

(ဂ) အပိုဒ် ၁ ကို ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ တွင်ပါရှိသော အဖွဲ့ဝင် ငါးဦးစီကို စကားရပ်သည် တည်ဆဲဥပဒေတွင် ပါရှိသော စကားရပ်ဖြစ်သည့် အဖွဲ့ဝင် ၅ ဦး စီကိုဟု ပြင်ဆင်ပါသည်။ မူလပြင်ဆင်ချက်နှင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ဟာ အနက်အဓိပ္ပာယ်နှင့်အသံကွဲပြားခြားနားမှုမရှိပေမယ့် အက္ခရာနှင့်ရေးထားတဲ့ ငါး ဟူသော စကားရပ်အစား

ဂဏန်းနှင့် ၅ အရေးအသားမှာပဲ ပြင်ဆင်ခြင်းဖြစ်တယ်ဆိုတာကို ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အများစုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို သဘောတူညီကြပြီး၊ အဖွဲ့ဝင် ဦးဘရှိန်က ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်မှာ -

(က) ဥပဒေကိုပြင်ဆင်ရန် တင်ပြသည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက နိုင်ငံတော်၏ ဘတ်ဂျက်အသုံးစရိတ်များကို လျှော့ချလို၍ ပြင်ဆင်သည်ဟု အကြောင်းပြချက်တစ်ချက်ပါရှိကြောင်း ထိုအချက်ကို ထည့်သွင်းစဉ်းစားပြီးမှ ဥပဒေပြင်ဆင်ခြင်းကို ဆောင်ရွက်သင့်ကြောင်း၊

( ခ) မူလဥပဒေပုဒ်မ ၅ တွင် လူပုဂ္ဂိုလ်အရေအတွက်ကို တိကျစွာ ပြဋ္ဌာန်းပေးနိုင်မှ မူလဥပဒေပုဒ်မ ၆ ပါပြဋ္ဌာန်းချက်ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များက တိကျစွာ လိုက်နာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် မူလဥပဒေပုဒ်မ ၅ အရ ရွေးချယ်ထားသည့် လူပုဂ္ဂိုလ် အမည်စာရင်းများကိုသာ သက်ဆိုင်ရာ တာဝန်ရှိသူများက မူလဥပဒေပုဒ်မ ၆ အရ နိုင်ငံတော်သမ္မတထံ တင်ပြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မူလဥပဒေပုဒ်မ ၅ တွင် လူပုဂ္ဂိုလ် အရေအတွက်ကို တိကျစွာ ထည့်သွင်းရန် လိုအပ်ကြောင်း၊

(ဂ) မူလဥပဒေပုဒ်မ ၇ သည် စီမံခန့်ခွဲရေးလုပ်ငန်းစဉ်ဖြစ်သဖြင့် နိုင်ငံတော်သမ္မတအား တာဝန်ပေးလိုက မူလဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့ကို ပယ်ဖျက်၍ မူလဥပဒေပုဒ်မ ၇ ကို နိုင်ငံတော်သမ္မတအား အာဏာပေးသော ပြဋ္ဌာန်းချက်အဖြစ် ထည့်သွင်းပြင်ဆင်ပေးလျှင် ဖြစ်နိုင်ကြောင်းတို့ကို တင်ပြခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ ပြည်သူ့လွှတ်တော်။

**မူကြမ်း**

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍၂၄-၅-၂၀၁၆(အင်္ဂါနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီမှာ ပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းနဲ့ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ၁၈-၅-၂၀၁၆ ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်အားလည်းကောင်း၊

အတွင်းရေးမှူးအဖြစ် ဦးအောင်တင်လင်း၊ နတ်မောက်မဲဆန္ဒနယ်အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းဝင်း | မင်းဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးကျော်ဌေး | လေရှီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး | ဗိုလ်တထောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါ်ခင်စန္ဒီ | လောင်းလုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးချင်းဖေလေး | မံစီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးတင်နု(ခ)ဦးတင်နုအောင် | မာန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဒေါ်အေးမြမြမျိုး | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဒေါ်စိုးနွယ်အေး | တံတားဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဒေါက်တာဦးအေးကြူ | လပွတ္တာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးလှသန်း | ကဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးအေးမောင် | ဘောလခဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးမောင်သိန်းခိုင် | စစ်တွေမဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |

(၁၃) ဒုတိယဗိုလ်မှူးကြီးညီညီလွင် တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင် တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး(၃၀)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

ပထမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊** ၁၀း၄၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]